**မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**အုတ်ဖိုမြို့**

**လိုင်စင်ကြော်ငြာစာအမှတ် ( ၁ / ၂၀၂၄)**

**၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၄ ) မှ (၃၁-၃-၂၀၂၅)**

**အရပ်ရပ်အခွင့်အရေးလိုင်စင်များရောင်းချသည့်ကြော်ငြာစာ**

**၁၃၈၅ ခုနှစ် နတ်တော်လပြည့်ကျော် ၉ ရက်**

**၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်**

၁။ အုတ်ဖိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပူးတွဲဖော်ပြပါ အရပ်ရပ်အခွင့်အရေး လိုင်စင်များအား ၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၄ ) မှ (၃၁-၃-၂၀၂၅) ကာလအပိုင်း အခြားအတွက် အပေါင်ဆိုင်လိုင်စင်များကို သက်တမ်းတိုးစနစ်ဖြင့်လည်းကောင်း၊သားသတ်အခွင့် အရေးလိုင်စင်များ နှင့် ပတ်သက်၍ သီးခြားညွှန်ကြားချက်ပါအတိုင်းလိုက်နာဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ မြို့နယ်ဝင်ကြေး ဘီးကောက်လိုင်စင်များကို BOT စနစ်ရရှိသော ကုမ္ပဏီများအား သက်တမ်းတိုး စနစ်ဖြင့်လည်းကောင်း၊ ကျန်အခွင့်အရေး လိုင်စင်များအား ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း၊အောက်ဖော်ပြပါနေ့ရက်များတွင်လေလံတင်ရောင်းချသွားမည်ဖြစ်ပါကြောင်းအသိ ပေးကြေငြာ အပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ၁၆-၁-၂၀၂၄ | အင်္ဂါနေ့ | (ပထမအကြိမ်) |
| (ခ) | ၂၃-၁-၂၀၂၄ | အင်္ဂါနေ့ | (ဒုတိယအကြိမ်) |
| (ဂ) | ၃၀-၁-၂၀၂၄ | အင်္ဂါနေ့ | (တတိယအကြိမ်) |
| (ဃ) | ၈-၂-၂၀၂၄ | ကြာသပတေးနေ့ | (ချိတ်ပိတ်တင်ဒါ) |
| (င) | ၁၅-၂-၂၀၂၄ | ကြာသပတေးနေ့ | (အခြားနည်း) |

၂။ လိုင်စင်ယှဉ်ပြိုင်ဆွဲဝယ်လိုသူများအနေဖြင့် လိုင်စင်လျှောက်လွှာနှင့်အတူ လိုက်နာ ရမည့်စည်းကမ်းများအား အဖွဲ့ရုံးတွင် ဝယ်ယူရရှိနိုင်ပြီး အထက်ပါနေ့ရက်များတွင်လျှောက်လွှာ နှင့် အတူအောက်ပါဖော်ပြပါ အထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာပူးတွဲလျှောက် ထားရမည်- **(နောက်ကျတင်သွင်းလာသည့်လျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ)**

(က) နိုင်ငံသားစီစစ်ရေးကဒ် မိတ္တူ

(ခ) လဝက အိမ်ထောင်စုစာရင်းပုံစံ ၆၆/၆ မိတ္တူ

(ဂ) လိုင်စင်ဆွဲဝယ်သူများသည်လိုင်စင်တစ်ခုချင်းစီ၏သတ်မှတ်ကြမ်းခင်းဈေး တစ်ဝက်ကိုအုတ်ဖိုမြို့မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် မိမိအမည်ဖြင့်စာရင်း ရှင်အပ်ငွေဖွင့်လှစ်၍ အမှုဆောင်အရာရှိရာထူး အမည်ဖြင့် ရေးသားထား သောငွေထုတ်ယူခွင့်အမိန့်(POP)နှင့်ပူးတွဲတင်ပြရမည်။

(ဃ) လိုင်စင်ဆွဲဝယ်သူများသည် သက်ဆိုင်ရာမြို့နယ်အခွန်ဦးစီးရုံး၏ အခွန်ကင်း ရှင်းကြောင်း ထောက်ခံချက်၊ ပဲခူးတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်မှ လာရောက် လိုင်စင်ဆွဲဝယ်မည့်သူနှင့် တိုင်းဒေသကြီး ပြင်ပမှ လာရောက် လိုင်စင်ဆွဲဝယ်သူဖြစ်ပါကသက်ဆိုင်ရာမြို့နယ်တွင်အခွန်ကင်းရှင်းကြောင်းနှင့်

ၑင်း၏မရွှေ့မပြောင်းနိုင်သောအာမခံပစ္စည်းအထောက်အထားနှင့် ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ တန်ဘိုးစိစစ်ရေးအဖွဲ့၏စိစစ်တင်ပြမှုအပေါ်အမှုဆောင်အရာရှိ၏ထောက်ခံချက်ဖြင့်ပူးတွဲတင်ပြရမည်။

(င) လိုင်စင်ကြမ်းခင်း ဈေးတန်ဘိုးထက် လျော့နည်းခြင်းမရှိသည့်လျှောက်ထားသူအမည်ပေါက် မရွှေ့မပြောင်းနိုင်သောပစ္စည်း (အဆောက်အဦး၊အိမ်၊မြေ)နှင့် ယင်းနေအိမ်၏ လေးဘက်မြင့်ဓာတ်ပုံ (၄)ပုံ သို့မဟုတ် ငွေစုစာအုပ်တင်ပြရမည်။(Special Power) လွှဲပြောင်းတင်ပြခြင်းကိုလက်ခံမည်မဟုတ်။

(စ) လိုင်စင်ဆွဲဝယ်သူသည် မိမိနေထိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ စိစစ်ထောက်ခံချက်ပါရှိရမည်။

(ဆ) အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ထောက်ခံချက် တင်ပြရမည်။

(ဇ) ပဲခူးတိုင်းဒေသကြီး အတွင်းဖြစ်ပါက ဆွဲဝယ်သည့် လိုင်စင် တန်ဘိုး၏(၅ပုံ၁ပုံ)ကိုလိုင်စင်ရရှိသည်နှင့်တစ်ပြိုင်တည်း ပေးသွင်းရမည်ဖြစ်ပြီးကျန်ငွေကို (၈)ရစ်ခွဲ၍ ပေးသွင်းရမည်။

(ဈ) ပဲခူးတိုင်းဒေသကြီး ပြင်ပမှဖြစ်ပါက လိုင်စင်တန်ဘိုး၏ (၅၀%)အားလိုင်စင်ရရှိသည်နှင့် တစ်ပြိုင်တည်း ပေးသွင်းရမည်ဖြစ်ပြီး ကျန်ငွေကို(၄) ရစ်ခွဲ၍ ပေးသွင်းရမည်။ အရစ်ကျ လိုင်စင်ကြေး ငွေပေးသွင်းရန် နောက်ကျပါက အခြားအခွင့်အရေးလိုင်စင်များနည်းတူနောက်ကျဒဏ်ကြေးပေးဆောင်ရမည်။ လိုင်စင်ကြေးအနည်းဆုံးကျပ်သိန်း(၂၀)အောက်ဖြစ်ပါကအကြေပေးသွင်းရမည်။

(ည) လိုင်စင်တစ်ခုချင်းစီအတွက် လုပ်ငန်းလုပ်ဆောင်ခွင့် အာမခံအပြည့်လိုအပ်သော အထောက်အထားများ တင်သွင်းရာတွင် သက်ဆိုင်ရာ ကြမ်းခင်းဈေးတန်ဘိုးထက် လျော့နည်းခြင်း မရှိသည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်း (အဆောက်အအုံ၊အိမ်၊မြေ ဂရံမူရင်း)စာရွက်စာတမ်းများကို လုံလောက်သော အာမခံတစ်ခုခု ထပ်မံတင်ပြနိုင်ရမည်။

၃။ အထက်အပိုဒ် (င) ပါ ပိုင်ဆိုင်မှု အထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါက လိုင်စင်ကြေးနှင့်အခြားအခွန်အခများအား တစ်ပါတည်းအကြေပေးသွင်းရမည်။

၄။ လိုင်စင်ဆွဲဝယ်လိုသူသည် စည်ပင်သာယာရေးဆိုင်ရာ အခွန်၊အခကြွေးကျန်မရှိသူများဖြစ်ရမည့် အပြင် နာမည်ပျက်စာရင်း တင်သွင်း ကြော်ငြာ၍ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွက် လိုင်စင်ဆွဲဝယ်ခွင့် ပိတ်ပင်ခံထားရသူများငှင်းနှင့်အတူ အိမ်ထောင်စုစာရင်းဝင် ပုဂ္ဂိုလ်များ မဖြစ်စေရ။

၅။ လိုင်စင်အမျိုးအစားအလိုက် သက်ဆိုင်ရာလိုင်စင် တစ်ခုချင်းစီ အတွက် လိုင်စင်လျှောက်လွှာကို ကြော်ငြာသည့် နေ့ရက်မှ စတင်၍တစ်စောင်လျှင် ငွေကျပ်(၁၅၀၀၀/-)ဖြင့်ဝယ်ယူ၍ လျှောက်လွှာတစ်စောင်စီဖြင့် လျှောက်ထားရမည် ဖြစ်ပြီး လုပ်ငန်းလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်း၍ ကိုယ်တိုင် ဦးစီး လုပ်ကိုင်နိုင်ရမည့် အပြင်တစ်ဆင့်လွှဲပြောင်း ဆောင်ရွက်ခြင်းမပြုရ။ လိုင်စင်ဆွဲဝယ်လိုသူသည် လိုင်စင် လျှောက်လွှာကြေးငွေ ပေးသွင်း၍ အသေးစိပ်စည်းကမ်းများကို ရယူပြီး စည်းကမ်းချက်ပါ အတိုင်း ပြည့်စုံအောင် ဆောင်ရွက်၍ လိုင်စင် စည်းကမ်းများကို လိုက်နာရန် သဘောတူပြီးဖြစ်၍လိုင်စင်ပွဲသို့ဝင်ရောက်ဆွဲဝယ်နိုင်သည်။

၆။ (ပထမအကြိမ်) လေလံ လျှောက်လွှာများကို (၁၅-၁-၂၀၂၄)ရက်နေ့ တနင်္လာနေ့ ညနေ (၁၆:၀၀) နာရီ နောက်ဆုံးထား၍ သတ်မှတ်ထားသောအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့်အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးအခွန်ဌာနစိတ်တွင်တင်သွင်းရမည်။သတ်မှတ်ရက် ထက်ကျော်လွန်၍ လျှောက်လွှာတင်သွင်းခြင်းကို လုံးဝစဉ်းစားမည် မဟုတ်ပါ။

၇။ အကြောင်းအမျိုးမျိုးကြောင့် လိုင်စင်ရောင်းချမည့်ရက် ပြောင်းရွှေ့ပါကပြောင်းရွှေ့သတ်မှတ်သည့်ရက်အားအဖွဲ့မှထပ်မံကြော်ငြာမည်ဖြစ်ပါသည်။

၈။ လိုင်စင် ဆွဲဝယ်ခြင်းနှင့် ပတ်သက်၍ အသေးစိတ် သိရှိလိုပါက ရုံးချိန်အတွင်း အဖွဲ့ရုံးသို့လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။

အမှုဆောင်အရာရှိ
(မြို့ဝေအောင်၊ဦးစီးအရာရှိ)

စာအမှတ်၊ ၀၂၈ / ဃ-၂ / အဖ-၁ (၀၀၁)
ရက်စွဲ၊ ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ လ ၃ ရက်

**ဖြန့်ဝေခြင်း**

အမှုဆောင်အရာရှိ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့-----------------မြို့
၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်လိုင်စင်စီများအားလုံး
အဖွဲ့ရုံး/ဈေးကြော်ငြာသင်ပုန်း၊အုတ်ဖိုမြို့/အိုးသည်ကုန်းမြို့
ဥက္ကဋ္ဌ၊ရပ်ကွက်/ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့၊အုတ်ဖိုမြို့

မိတ္တူကို

ညွှန်ကြားရေးမှူး၊ပဲခူးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့၊ပဲခူးမြို့။
ဥက္ကဋ္ဌ၊ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊သာယာဝတီမြို့။
ဥက္ကဋ္ဌ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊အုတ်ဖိုမြို့။
ဥက္ကဋ္ဌ၊မြို့နယ်စည်ပင်သာယာရေးကော်မတီနှင့်အဖွဲ့ဝင်များအားလုံး၊အုတ်ဖိုမြို့။
ကြော်ငြာဖိုင်
ရုံးလက်ခံ/မျှောစာတွဲ

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့

၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၄) မှ (၃၁-၃-၂၀၂၅) ထိ

ရောင်းချမည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်အာမခံငွေ |
|---|---|---|---|
| | **ဈေးကောက်လိုင်စင်များ** | | |
| ၁ | အုတ်ဖိုမြို့မဈေးကောက် | ၁၆၅၀၀၀၀၀ | ၈၂၅၀၀၀၀ |
| ၂ | အိုးသည်ကုန်းဈေးကောက် | ၃၆၈၅၀၀၀ | ၁၈၄၂၅၀၀ |
| ၃ | ဂုံညင်းတန်းနွားပွဲဈေးကောက် | ၇၁၅၀၀၀ | ၃၅၇၅၀၀ |
| | **မြို့နယ်ဝင်ကြေးဘီးကောက်လိုင်စင်** | | |
| ၁ | အုတ်ဖို-အိုးသည်ကုန်း မြို့နယ်ဝင်ကြေးဘီးကောက် | ၈၂၆၄၀၀၀၀ | ၄၁၃၂၀၀၀၀ |
| | **အခြားလိုင်စင်များ** | | |
| ၁ | ဂုံညင်းတန်းနွားပွဲဈေး | ၅၂၈၀၀၀၀ | ၂၆၄၀၀၀၀ |
| ၂ | ဂုံညင်းတန်းနွားပွဲစက်ဘီးကောက် | ၆၆၀၀၀၀ | ၃၃၀၀၀၀ |
| ၃ | အုတ်ဖိုမြို့မစက်ဘီးကောက် | ၂၃၆၅၀၀၀၀ | ၁၁၈၂၅၀၀၀ |
| ၄ | အုတ်ဖိုမြို့မယာဉ်ရပ်နားခွန် | ၁၆၅၀၀၀၀ | ၈၂၅၀၀၀ |
| ၅ | အိုးသည်ကုန်းမြို့ယာဉ်ရပ်နားခွန် | ၈၆၉၀၀၀ | ၄၃၄၅၀၀ |
| ၆ | အုတ်ဖိုမြို့မဈေးရေလောင်းအိမ်သာ | ၃၄၁၀၀၀၀ | ၁၇၀၅၀၀၀ |
| ၇ | အိုးသည်ကုန်းဈေးရေလောင်းအိမ်သာ | ၁၆၅၀၀၀ | ၈၂၅၀၀ |

အုတ်ဖိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့
၂၀၂၄-၂၀၂၅ ခု ဘဏ္ဍာရေးနှစ် (၁-၄-၂၀၂၄) မှ (၃၁-၃-၂၀၂၅) ထိ
သက်တမ်းတိုးစနစ်ဖြင့်ရောင်းချသည့်အခွင့်အရေးလိုင်စင်များစာရင်း

| စဉ် | လိုင်စင်အမည် | ကြမ်းခင်းဈေး | စားပွဲတင်<br>အာမခံငွေ |
|---|---|---|---|
| | **အပေါင်ဆိုင်လိုင်စင်များ** | | |
| ၁ | အေးမြသာယာအပေါင်ဆိုင် | ၈၀၃၀၀၀ | ၄၀၁၅၀၀ |
| ၂ | အုတ်ဖိုရွှေအပေါင်ဆိုင်(၁) | ၈၈၀၀၀၀ | ၄၄၀၀၀၀ |
| ၃ | အုတ်ဖိုရွှေအပေါင်ဆိုင်(၂) | ၈၈၀၀၀၀ | ၄၄၀၀၀၀ |
| ၄ | အုတ်ဖိုအပေါင်ဆိုင်(၂) | ၇၇၂၀၀၀ | ၃၈၆၀၀၀ |
| ၅ | အုတ်ဖိုအပေါင်ဆိုင်(၃) | ၇၅၉၀၀၀ | ၃၇၉၅၀၀ |
| ၆ | အုတ်ဖိုရွှေအပေါင်ဆိုင်(၃) | ၈၀၇၀၀၀ | ၄၀၃၅၀၀ |
| ၇ | အုတ်ဖိုရွှေအပေါင်ဆိုင်(၄) | ၈၀၇၀၀၀ | ၄၀၃၅၀၀ |
| ၈ | အုတ်ဖိုရွှေအပေါင်ဆိုင်(၅) | ၈၀၇၀၀၀ | ၄၀၃၅၀၀ |
| ၉ | အုတ်ဖိုရွှေအပေါင်ဆိုင်(၆) | ၈၀၇၀၀၀ | ၄၀၃၅၀၀ |
| ၁၀ | အိုးသည်ကုန်းအပေါင်ဆိုင်(၂) | ၅၃၂၀၀၀ | ၂၆၆၀၀၀ |
| ၁၁ | အိုးသည်ကုန်းအပေါင်ဆိုင်(၃) | ၅၃၂၀၀၀ | ၂၆၆၀၀၀ |
| ၁၂ | အိုးသည်ကုန်းအပေါင်ဆိုင်(၄) | ၅၃၂၀၀၀ | ၂၆၆၀၀၀ |